# သာသနာ့ သမိုင်းဝင် စန္ဒကူးနံ့သာကျောင်းတော်ရာနှင့် ဝါတွင်းကာလ ဘုရားဖူးငါးကြီးများ

---ကိုရွှေငါး(နေဖြူ)---

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ ကျောင်းတော်ရာဒေသရှိ သာသနာ့သမိုင်းဝင် စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီကြီးသည် ဂေါတမမြတ်စွာဘုရားရှင်လက်ထက် ဝါတော်(၂၁)ဝါ (မြန်မာ သက္ကရာဇ် ၁၂၄ ခုနှစ်(ဘီစီ ၆၁၀)) မြောက်တွင် ရဟန္တာငါးရာနှင့်အတူ ကြွရောက်လာသည်။ စန္ဒကူးနံ့သာ ကျောင်းတော်ရာတွင် မြတ်စွာဘုရားရှင်ကိုယ်တိုင် (၇)ရက်ပတ်လုံး သီတင်းသုံးတော်မူခဲ့ပြီး မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်မှ သတ္တဝါဝေနေယျတို့အား အပါယ်ဘေးမှ လွတ်မြောက်စေရန် တရားရေအေးအမြိုက်ဆေးများ တိုက်ကျွေးခဲ့ရာ တစ်နေ့လျှင် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ၊ ပရိတ်သတ်ပေါင်း ရှစ်သောင်းလေးထောင် ကျွတ်တန်း ဝင်ခဲ့သည်။ ကောဇာသက္ကရာဇ် ၄၅၈ ခုနှစ် နေ့ထူးနေ့မြတ်တွင် ပုဂံပြည့်ရှင်အလောင်းစည်သူမင်းမှအစပြု၍ ရှေးမင်းများ အဆက်ဆက်တည်ထားကိုးကွယ် သာသနာပြုခဲ့သည့် စန္ဒကူးနံ့သာကျောင်းတော်ရာစေတီတော် မြတ်ကြီး ဖြစ်ပါသည်။



စန္ဒကူးနံ့သာကျောင်းတော်ရာစေတီတော်မြတ်ကြီး၏ ထူးခြားချက်မှာ စေတီတော်ကြီး၏ အရှေ့ဖက် (၃)ဖါလုံခန့်အကွာတွင် ဖြတ်သန်းစီးဆင်းနေသော မုန်းချောင်းအတွင်း နှစ်စဉ်နှစ်တိုင်း ဝါထပ်သည့်နှစ်ကို သိသော ငါးကြီးများသည် ဒုတိယဝါဆိုလပြည့်နေ့တွင် ဘုရားဖူးလာလေ့ရှိပါသည်။ မုန်းချောင်း "ဘူးသည်ဆိပ်" မှ ဧရာဝတီမြစ်ဝအထိ (၇)မိုင်ခွဲ ကွာဝေးသည်။ "ဘုရားဖူးငါးကြီးများသည် နှစ်စဉ်ဝါတွင်းကာလရောက်တိုင်း ဦးခိုက်ဖူးမျှော်သည်" ဟု ပြည်သူတိုင်း ယုံကြည်ထားရှိသည်။ နှစ်စဉ်ဝါတွင်းကာလ ရောက်တိုင်း ဧရာဝတီမြစ် အတွင်းမှ ငါးကြီးများ ဝါဆိုလပြည့်နေ့တွင် "ဘူးသည်ဆိပ်" သို့ ရောက်ရှိလာပြီး ဝါတွင်းကာလ တစ်လျှောက် ဘုရားဖူးပြီး ဝါကျွတ်မှသာ ပြန်လည်ထွက်ခွာသွားလေ့ရှိပါသည်။

ဘုရားဖူးငါးကြီးများလာရောက်မည့်အချိန်ကိုကြိုတင်၍ ဘုရားကြီး၏ဂေါပကအဖွဲ့ဝင်များ၊သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ ငါးလုပ်ငန်းဦးစီးဌာနများမှ မုန်းချောင်းတစ်လျှောက်ဘုရားဖူးငါးကြီးများ ဘေးအန္တရာယ် ကင်းရှင်းစေရန် အမိန့်ကြော်ငြာစာများထုတ်ပြန်ခြင်း၊ မေတ္တာရပ်ခံရှင်းလင်းကြေငြာခြင်းများ နှစ်စဉ်ပြုလုပ်လေ့ရှိသည်။ ဝါဆိုလပြည့်နေ့တွင် အစဉ်အလာမပျက် ဘုရားဖူးငါးကြီးများကို ကြိုဆိုခေါ်ဆောင်လေ့ရှိပါသည်။ "ဘူးသည်ဆိပ်"သို့ ရောက်ရှိသောအခါ ငါးအစာကျွေးဆိပ် အဝန်းအဝိုင်းသတ်မှတ်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ငါးကြီးများကို နံ့သာရည် ပက်ဖြန်းလေ့ရှိသည်။

စန္ဒကူးနံ့သာ ကျောင်းတော်ရာဘုရားသို့ နှစ်စဉ်လာရောက်လေ့ရှိသော ငါးအမျိုးအစားမှာ ငါးထွေ "Rita rita" ငါးမျိုးဖြစ်ပါသည်။ ငါးထွေငါးကြီးများမှာ အလေးချိန်ပိသာ(၄၀)မှ ပိသာ(၆၀)အထိရှိပြီး အကြီးဆုံးငါးမှာ ခေါင်းလုံးပတ်(၃၄)လက်မ၊ အလျားအရှည်(၆၈)လက်မခန့်ရှိသည်။ကျောင်းတော်ရာဘုရားကြီး၏ ပတ်ဝန်းကျင် ဒေသရှိ ပြည်သူများသည် အဆိုပါဘုရားဖူးငါးကြီးများကို ဖမ်းယူခြင်း၊သတ်ဖြတ်ခြင်း၊ရောင်းချခြင်း၊စားသောက်ခြင်း မရှိပါ။ ရေလုပ်သားများကလည်း ငါးဖမ်းပိုက်များတွင် ဖမ်းမိပါက ပြန်လွှတ်လေ့ရှိသည်။ ၂၀၀၉ခုနှစ် ၊ ဧပြီလ(၂၁) ရက်နေ့ မကွေးမြို့နယ် သဖန်းဆိပ်ရွာအနီး ဧရာဝတီမြစ်အတွင်း မျှောပိုက်ပိုင်ရှင် ဦးထွန်းဝေနှင့် ၂၀၁၀ခုနှစ် ဧပြီလ(၂၁)ရက်နေ့ မကွေးမြို့နယ် ကျွဲခြံကျေးရွာရေလုပ်သားများ ဘုရားဖူးငါးကြီးများကို ဖမ်းမိခြင်းကို တွေ့ရှိရသည်။ သဖန်းဆိပ်ကျေးရွာတွင် ဖမ်းဆီးရမိသောငါးကြီး၏ ခန္ဓာကိုယ်လုံးပတ်မှာ (၄၈)လက်မ၊အလျား(၆၅.၅) လက်မ၊ အလေးချိန်(၈၅)ပိသာခန့်ရှိသည်။ ရေလုပ်သားများသည် ဘုရားဖူးငါးကြီးများကို ဖမ်းမိပါက ရေစပ်တွင် ယာယီမဏ္ဍာပ်ထိုးပြီး သံဃာတော်များကိုပင့်ဖိတ်၍ ပရိတ်တရားတော်များကို ရွတ်ဖတ်လေ့ရှိသည်။ငါးကြီးများ၏ ဦးခေါင်းကို ရွှေချခြင်း၊ရွှေရည်ငွေရည်လောင်းခြင်းများပြုလုပ်ပြီး ဧရာဝတီမြစ်အတွင်း ပြန်၍လွှတ်ကြသည်။

လွန်ခဲ့သော(၁၀)နှစ်ခန့်ကစပြီး ဝါတွင်းကာလအတွင်း ဘုရားဖူးငါးကြီးများရောက်ရှိလာမှု အတော်နည်း သွားသည်ကို တွေ့ရှိရသည်။ ဝါဆိုလပြည့်နေ့မှစ၍ ဝါတွင်းကာလပတ်လုံး ဧရာဝတီမြစ်ရေတိုးချိန်နှင့်မုန်းချောင်း ရေကြီးချိန်တွင် ဘုရားဖူးငါးကြီး

ကျော်ဖြစ်ပါသည်။ မင်းဘူးခရိုင်အတွင်း ရောဝတီမြစ်ရေစိုးရိမ် ရေမှတ်မှာ (၁၇၀၀)စင်တီမီတာ ဖြစ်သည်။ မုန်းချောင်းအထက်ပိုင်းတွင် ယခင်ကမဲဇလီရေလွှဲဆည်တစ်ခုသာရှိပြီး ယခုအခါ မုန်းဆည်၊ကြီးအုံကြီးဝဆည်၊ဖူးဆည်၊အထက်ဖူးဆည်များ ထပ်မံဆောက်လုပ်ထားသဖြင့် မုန်းချောင်းရေ နည်းပါးပြီး ဘုရားဖူးငါးကြီးများလာရောက်ရာလမ်းကြောင်းတွင် သဲသောင်များဖြစ်ပေါ်ခြင်းကြောင့် လာရောက်မှု နည်းပါးခြင်းကို တွေ့ရသည်။

ဘုရားဖူးငါးကြီးများ၏ အရွယ်အစားမှာ ကြီးမားခြင်းကြောင့် ငါးများဝင်ထွက်သွားလာရန် ရေအနက်၊ နေရာအကျယ်အဝန်း ရှိပါက ဘုရားဖူးငါးကြီးများ လာရောက်လေ့ရှိပါသည်။ ကျောင်းတော်ရာဘုရားကြီး ဂေါပက အဖွဲ့ဝင် ဦးကြည်စိုး၏ ပြောပြချက်အရ "ဝါထပ်သည့်နှစ်တွင် ဘုရားဖူးငါးကြီးများလာရောက်မှုများကြောင်း" သိရသည်။ မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်(ယခုနှစ်)သည် ဝါထပ်နှစ်ဖြစ်၍ ဒုတိယဝါဆိုလပြည့်နေ့မှ ဝါတွင်းကာလ အတွင်း ဘုရားဖူးငါးကြီးများ များပြားစွာလာရောက်စေလိုကြောင်းနှင့် စန္ဒကူးနံ့သာကျောင်းတော်ရာ ဘုရားကြီးသို့ ဝါတွင်းကာလတွင် ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့ လာရောက်ကြည်ညို ကုသိုလ်ရယူ နိုင်ကြစေရန် ရေးသားလိုက်ပါသည်။

"ဘုရားဖူး"

န စန္ဒကူးနံ့သာ ၊ ကျောင်းတော်ရာ
ဗုဒ္ဓမြတ်စွာ ၊ မြန်းကြွလာ
တရားရေအေး ၊ စဉ်တိုက်ကျွေး
လူနတ်ပြဟ္မာ ၊ သတ္တဝါ
ရှစ်သောင်းလေးထောင် ၊ နိဗ္ဗာန်အောင်ခဲ့။
န မုန်းချောင်းရေကြည် ၊ ကမ်းစပ်ဆီ
ရေပျော်မြူးနေ ၊ ရွှေငါးထွေ
နှစ်စဉ်ဦးခိုက် ၊ ဖူးမျှော်လိုက် ။
န လောကဇမ္ဗူ ၊ တစ်ဆူဗုဒ္ဓ
စန္ဒကူးနံ့သာ ၊ ကျောင်းတော်ရာ
ရပ်ဝေးမိတ်သဟာ ၊ ဘုရားဖူးလာ
ဖိတ်ခေါ်ပါသည် ၊ ချစ်မိတ်ဆွေတို့
နိဗ္ဗာန်ပွဲမို့ ၊ နွှဲပျော်စို့ ။

ကျမ်းကိုး-

-အရှင်ဓမ္မစာရ ၊ ကျောင်းတော်ရာ စေတီတော်သမိုင်း